## နိဒါန်း

၁၉၇၇–ခုနှစ်၊ ဧပြီလ ၂၉ ရက် ....

ဩစတြီးယားနိုင်ငံ ဆော(လ)ဇဘတ်မြို့ ....

အမေရိကန် အထက်လွှတ်တော်ကော်မတီမှ အဏုမြူလက်နက်များ ပြန့်ပွားနေသည့်သတင်း ပြဿနာနှင့်ပတ်သက်သော ကျွမ်းကျင်သူ အတတ်ပညာရှင် ပေါ(လ)လီဗင်သယ်(လ)က ၁၉၆၈–ခုနှစ်တွင် ယူရေနီယမ်တန် ၂၀၀ ပျောက်ဆုံးခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။

ဆော(လ)ဇဘတ်တွင် ကျင်းပသော အဏုမြူ ဆန့်ကျင်ရေး ကွန်ဖရင့်တစ်ခုတွင် လီဗင်သယ်(လ)က ယူရေနီယမ်များသည် ဘယ်ဂျီယန်နိုင်ငံ အန့်တဝ့်(ပ)မြို့မှ အီတလီနိုင်ငံ ဂျီနိုးဝါသို့ တင်ပို့စဉ် ပင်လယ်ပြင်တစ်နေရာတွင် ပျောက်ဆုံးသွားခဲ့သည်ဟု ဆိုသည်။

"ဒီပစ္စည်းတွေ အစ္စရေးနိုင်ငံ ရောက်သွားပြီလို့ ထင်မှတ်ရပါတယ်" ဟု လီဗင်သယ်(လ)က ပြောသည်။

● ● ●

ယူရေနီယမ်များ လျှို့ဝှက်စွာ ပျောက်ဆုံးခဲ့သည့်ကိစ္စကို နိုင်ငံလေးနိုင်ငံက စုံစမ်းစစ်ဆေးခဲ့ကြပြီး မဖော်ထုတ်နိုင်သော်လည်း အမေရိကန်နှင့် အချို့သော ဥရောပနိုင်ငံများရှိ ထောက်လှမ်းရေး အဖွဲ့များက ယင်းပစ္စည်းများသည် အစ္စရေးနိုင်ငံသို့ရောက်သွားပြီဟု ယုံကြည်ကြလေသည်။ အစ္စရေးတို့သည် ၁၉၆၃–ခုနှစ်ကပင် အဏုမြူဓာတ်ပေါင်းဖို (၈)လုံး ပိုင်ဆိုင်ခဲ့ပြီး အဏုမြူဗုံးများပြုလုပ်ရန် ကုန်ကြမ်းပစ္စည်း ထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။



(၁၉၇၇–ခု၊ မေ ၃၀ ရက်ထုတ် လန်ဒန်တိုင်း သတင်းစာ)

● ● ●

ဥရောပဘုံဈေး အာဏာပိုင်များသည် ယူရေနီယမ်များ ပျောက်ဆုံးသွားသည့်ကိစ္စ ပေါ်ပေါက်လာသဖြင့် အလွန်ပင် စိတ်အနှောင့်အယှက်ဖြစ်သွား ကြ၏။ ပျောက်ဆုံးသွားသည့်အချိန်က ယူရေနီယမ်များသည် ဥရောပ အဏုမြူ စွမ်းအင်ဌာန(ယူရေတမ်)မှ အင်စပက်တာများ ကြီးကြပ်စောင့် ရှောက်မှုအောက်တွင် ရှိပါသည်။

(၁၉၇၇–ခု၊ မေလ ၅ ရက်ထုတ် ဒေလီတယ်လီဂရပ် သတင်းစာ)

● ● ●

အစ္စရေးနိုင်ငံသည် ဟိုက်ဒရိုဂျင်ဗုံးများ ထုတ်လုပ်နိုင်စွမ်း ရှိပါသည်။ ယူရေနီယမ်များ ပျောက်သွားသည့် သတင်းကို သမ္မတကာတာ၏ နျူကလီယားလက်နက်များ ပြန့်ပွားမှုရပ်တန့်ရေးစီမံကိန်းကို ထောက်ခံလိုသဖြင့် တမင်လွှင့်ထုတ်ကြခြင်း ဖြစ်ပါသည်။

(၁၉၇၇–ခုနှစ်၊ ဧပြီလ ၃၀–ရက်ထုတ် ဒေလီမီရာသတင်းစာ)

● ● ●

အစ္စရေးသူလျှိုတစ်ဦးက လွန်ခဲ့သော ၉ နှစ်တာ ယူရေနီယမ်တန် ၂၀၀ အစ္စရေးသို့ ရောက်အောင် မိမိကူညီခဲ့သည်ဟု နော်ဝေးနိုင်ငံ ရဲများကို ဝန်ခံပြောဆိုသွားကြောင်း၊ နော်ဝေးအစိုးရရှေ့နေချုပ်ဟောင်း ဟာတွန်စီကာက ပြောဆိုသည်။

(၁၉၇၇–ခုနှစ်၊ မေလ ၈–ရက်ထုတ် ရိုက်တာကြေးနန်းသတင်း)

● ● ●

"ယူရေနီယမ်တွေကို ဒီလိုသဘော်နဲ့ သယ်ကြတယ်ဆိုတာ



ကျုပ်တို့ မသိပါဘူး၊ သယ်ခဲ့တယ်ဆိုတာ ဟုတ်ရင်လည်း ကျုပ်တို့ အစ္စရေးနိုင်ငံနဲ့ ဘာမှမဆိုင်ပါဘူး"

(အစ္စရေးနိုင်ငံ အမျိုးသား အဏုမြူ ဓာတ်အားကော်မရှင်မှ အရာရှိတစ်ဦး၏ ပြောကြားချက်)

● ● ●

"အစ္စရေးနိုင်ငံနဲ့ လာပြီးပတ်သက်နေတဲ့ ဒီသတင်းအချက်အလက်မှန်သမျှကို ကျုပ်တို့က မမှန်ကန်ဘူးလို့ ငြင်းဆိုပါတယ်"

(အစ္စရေးနိုင်ငံ အမျိုးသား အဏုမြူ ဓာတ်အားကော်မရှင်မှ ပြောရေးဆိုခွင့် ရှိသူ၏ ပြောကြားချက်)

● ● ●

ထိုစဉ်က အစ္စရေးနိုင်ငံ၏ ယာယီဝန်ကြီးချုပ်ဖြစ်သူ ရှီမွန်ပီးရက်(စ)က အထက်ပါ သတင်းကို ထပ်မံငြင်းဆိုခဲ့ပါသေးသည်။

■